စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# အရှုပ်ထဲက မန်နေဂျာ

ခင်မောင်ညို (ဘောဂဗေဒ)

ONE MINIUTE MANAGER MEETS THE MONKEY

Ken Blanchard



mgyoe.com

mgyoe.com



တစ်ခါတလေကျ
တက်ကျမ်းတွေ၊ စီမံခန့်ခွဲမှုကျမ်းတွေ ပိုနေမလား
များနေမလားလို့ စဉ်းစားမိပါတယ်။
နိုင်ငံသားတွေ တက်တက်ကြွကြွ လှုပ်ရှားကြတဲ့
စီမံခန့်ခွဲမှုကောင်းမွန်တဲ့ နိုင်ငံတွေမှာတောင်
တက်ကျမ်းတွေ၊ စီမံခန့်ခွဲမှုကျမ်းတွေ
ရေးလို့မဆုံးနိုင်၊ ဖတ်လို့မဆုံးနိုင်ကြပါဘူး။
ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စရိုက်လက္ခဏာတစ်ခုက
စီမံခန့်ခွဲမှု အားနည်းတတ်ပါတယ်။
ဒီတော့ စီမံခန့်ခွဲမှုစာအုပ်တွေ
အများကြီး လိုဦးမယ် ထင်ပါတယ်။

ဒီစာအုပ်က မန်နေဂျာတစ်ယောက်ရဲ့ အကြောင်းပါ။
ဒါပေမဲ့ မိဘတွေလို၊ ဆရာ ဆရာမတွေလိုနဲ့
အခြား တာဝန်ထမ်းဆောင်ရာတွေမှာလည်း
အသုံးဝင်နိုင်ပါတယ်။
ခင်ဗျားဟာ အခြားသူတွေဖန်တီးတဲ့ ပြဿနာတွေကြောင့်
ဒုက္ခရောက်နေသလား၊
ဘယ်သူမပြု မိမိမှုဆိုသလို
ကိုယ့်ကြောင့်ဖြစ်တဲ့ ပြဿနာတွေရော ကြုံနေရသလား၊
ဒါတွေ ဖြေရှင်းဖို့က အလွယ်ကလေးပဲလို့ဆိုရင် ......

# အရှုပ်ထဲကမန်နေဂျာ

ခင်မောင်ညို (ဘောဂဗေဒ)

mgyoe.com

mgyoe.com

စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ကြတဲ့အခါ
ကြီးမားကျယ်ပြန့်တဲ့လုပ်ငန်းသဘောကို
ရောက်လာပြီဆိုတာနဲ့
မန်နေဂျာတစ်ယောက်ရဲ့ အခန်းကဏ္ဍတွေဟာ
ပို ပိုပြီး အရေးပါလာပါတယ်။
မန်နေဂျာဆိုတာ
ရလဒ်ကောင်းတွေကို မျှော်မှန်းပြီး စီမံခန့်ခွဲရသူ၊
ဝန်ထမ်းအများအပြားဆီက
လုပ်ငန်းခွင်ပြဿနာတွေကို ဖြေရှင်းပေးရသူဖြစ်လေတော့
ရှုပ်ထွေးမှုတွေကြားက ရှင်းလင်းတဲ့လမ်းစကို
ရှာဖွေဖော်ဆောင်တတ်ဖို့ ရေးသားထားတဲ့
ကမ္ဘာမှာ အရောင်းရဆုံးစာရင်းဝင် စာအုပ်စီးရီး။

အရှုပ်ထဲက မန်နေဂျာ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၂၁၉၀၅၀၃ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၁၅၀၅၀၇ ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးထွန်းထွန်းဦး၊ အင်ကြင်းဦး ပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၅ ခု၊ စက်တင်ဘာလတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏အမှာစာ

မနှစ်က ဒီလိုအချိန်မှာ ကျွန်တော် စီမံခန့်ခွဲမှုစာအုပ်တစ်အုပ်ကို ဘာသာပြန်ဆိုခဲ့ပါတယ်။ စီမံခန့်ခွဲရေးစာအုပ်တွေ ဆက်ရေးနိုင်ဖို့ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းပြည့်တယ်လို့ ဆိုရပါမယ်။ အခုနှစ်လည်း အရင်ကအချိန်မျိုးမှာပဲ စီမံခန့်ခွဲမှုစာအုပ်တစ်အုပ် ရေးခဲ့တာပါ။

တစ်ခါတလေကျ တက်ကျမ်းတွေ၊ စီမံခန့်ခွဲမှုကျမ်းတွေ ပို နေမလား၊ များနေမလားလို့ စဉ်းစားမိပါတယ်။ နိုင်ငံသားတွေ တက်တက်ကြွကြွ လှုပ်ရှားကြတဲ့၊ စီမံခန့်ခွဲမှုကောင်းမွန်တဲ့နိုင်ငံတွေမှာတောင် တက်ကျမ်းတွေ၊ စီမံခန့်ခွဲမှုကျမ်းတွေ ရေးလို့မဆုံးနိုင်၊ ဖတ်လို့မဆုံးနိုင်ကြပါဘူး။

ဒီစာအုပ်ကို ဘာသာပြန်ဆိုနေတဲ့ အချိန်မှာ အာရှနိုင်ငံတွေ စီးပွားရေး အကျပ်အတည်းကြုံနေတဲ့အချိန်နဲ့ တိုက်ဆိုင်နေရပါတယ်။ ဒီစီးပွားရေး အကျပ်အတည်းရဲ့



mgyoe.com

mgyoe.com

အကြောင်းရင်းခံကို လိုက်ရှာကြတော့ စီမံခန့်ခွဲမှု အားနည်းလို့ဆိုတဲ့ အချက်တစ်ချက်ကို သွားတွေ့ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စရိုက်လက္ခဏာတစ်ခုက စီမံခန့်ခွဲမှု အားနည်းပါတယ်။ ဒီတော့ စီမံခန့်ခွဲမှုစာအုပ်တွေ အများကြီးလိုဦးမယ်လို့ ထင်ပါတယ်။ စီမံခန့်ခွဲမှုပညာ ဈေးကွက်ကို တစ်ထောင့်တစ်နေရာက တာဝန်ယူဖြည့်စွမ်းဖို့ ကြိုးစားပါမယ်။ မနှစ်နဲ့ ဒီနှစ်ကြားမှာကြုံတွေ့ရတဲ့ ပုဂ္ဂလိက အတွေ့အကြုံတွေကလည်း ပညာဆည်းပူး ပြန့်ပွားရေး အတွက် အားမာန်တက်ခဲ့ရပါတယ်။

ဥပုသ်သီလတွေ စောင့်ထိန်းကြ၊ တရားဘာဝနာတွေ ပွားများကြ၊ ကုသိုလ်ပြုနေကြတဲ့ (၁၃၅၉–၆၀) သကြ်န် တွင်းမှာ ဒီစာအုပ်ကို အဆုံးသတ်နိုင်ခဲ့ပါတယ်။ ဒီစာအုပ် ဟာ ကျွန်တော့်ရဲ့ ကုသိုလ်ကောင်းမှုတစ်ခုပါပဲ။

ခင်မောင်ညို(ဘောဂဗေဒ)

mgyoe.com

mgyoe.com

# ပြဿနာ

တကယ်လို့ ခင်ဗျားဟာ အခြားလူတွေဖန်တီးတဲ့ ပြဿနာ တွေကြောင့် ဒုက္ခရောက်နေရင် ဆက်ဖတ်ကြည့်လိုက်ပါ။ သင့်ဘဝကို ပြောင်းလဲစေပါလိမ့်မယ်။ ဆက်ဖတ်ရမှာ တွေက မန်နေဂျာတစ်ယောက်ရဲ့ အကြောင်းပါ။ ဒါပေမဲ့ မိဘတွေလို၊ ဆရာ၊ ဆရာမတွေလိုနဲ့ အခြားတာဝန် ထမ်းဆောင်ရာတွေမှာလည်း အသုံးဝင်နိုင်ပါတယ်။

ကျွန်တော့်ရဲ့ဘဝ ဖရိုဖရဲဖြစ်နေရာက ပညာရှိ လူစွမ်းကောင်း နှစ်ယောက်ရဲ့ အကြံဉာဏ်ကြောင့် ကျွန်တော့်ဘဝ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ ပြောပြ ချင်ပါတယ်။ အခုလိုပြောပြရတာက သူတို့ရဲ့ အကြံဉာဏ် တွေဟာ ကျွန်တော့်ကို အထောက်အကူဖြစ်သလို ခင်ဗျား တို့ကိုလည်း အထောက်အကူ ဖြစ်နိုင်လို့ပါ။

ပြီးခဲ့တဲ့နှစ်နှစ်လောက်၊ တစ်မိနစ်မန်နေဂျာ (One Minute Manager)နဲ့ နေ့လယ်စာစားပြီးတဲ့ အချိန်ကစပြီး ဇာတ်လမ်းကို ပြောရပါမယ်။ ကျွန်တော့်ရုံးကိုပြန်အရောက်



mgyoe.com

mgyoe.com

ကိုယ့်အလုပ်စားပွဲကုလားထိုင်မှာ ထိုင်ချလိုက်ပြီး အံ့အား တသင့်နဲ့ ခေါင်းခါလိုက်ပါတယ်။ အခုလေးမှာပဲ ဘာတွေ ဖြစ်သွားခဲ့ပါလိမ့်လို့ စဉ်းစားကြည့်မိတယ်။

နေ့လယ်စာစားနေတဲ့ အချိန်တုန်းက အလုပ်ခွင်နဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့သောကတွေကို အကုန်လုံးရင်ဖွင့် ဖြစ်ခဲ့တယ်။ ကျွန်တော့်မိတ်ဆွေက သေသေချာချာ နား ထောင်ပြီးတော့ ပြဿနာတွေရဲ့ အကြောင်းရင်းကို ပြော ပြတယ်။ သူပြောပြတော့လည်း အလွယ်လေးပဲ။ ဒီလောက် လွယ်ကူ ရှင်းလင်းလွန်းလို့တောင် အံ့အားသင့်ရပြန်တယ်။

ဒီထက်ပိုပြီး အံ့အားသင့်စရာကောင်းတာက ဘယ် သူမပြု မိမိမှုဆိုသလို ကိုယ့်ကြောင့်ပြဿနာတွေ ဖြစ်ရ တာကိုပါ။ ကိုယ်ဖန်တီးထားတော့ ကိုယ်ပဲဒဏ်ခံရပါတယ်။ ကိုယ့်ပြဿနာတွေနဲ့ကိုယ် လုံးထွေးနေတော့ အဖြေရှာမရ ဘဲ ထွက်ပေါက်ပိတ်နေတယ်။ အပြင်က တစ်ယောက် ယောက်ရဲ့ အကူအညီမရဘဲ ပြဿနာကို အဖြေမရှာနိုင် ဘူး။ အခုတော့ မျက်စိပွင့်သွားပြီ။ ပွင့်လည်းပွင့်ရော အခု လို ပြဿနာကြုံရတာဟာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘဲ တခြားမန်နေဂျာတွေလည်း ကျွန်တော့်လို ပြဿနာတွေ ရှိနေကြတယ်ဆိုတာ သဘောပေါက် လိုက်တယ်။

ကျွန်တော့် ရုံးခန်းထဲမှာ ကျွန်တော်တစ်ယောက် တည်းထိုင်နေရင်း အားရပါးရ ဟားတိုက်ရယ်မောပစ် လိုက်တယ်။ "မျောက်ရှုပ်တွေ" ဘယ်သူ့ကိုမှ မရည်စူး


mgyoe.com

mgyoe.com


ပါဘူး။ "ငါ့ပြဿနာဟာ မျောက်ရှုပ်တွေကြောင့် ဆိုတာ တစ်ခါမှမတွေးခဲ့မိတာ အံ့ပါရဲ့"

*


mgyoe.com

mgyoe.com

# ပထမဆုံး မန်နေဂျာရာထူး

ကျွန်တော့်စားပွဲပေါ်မှာ ကျွန်တော့်ဇနီးနဲ့ ကလေးတွေပုံကို တင်ထားတယ်။ ဒီတစ်ခါ အဲဒီပုံကိုလှမ်းကြည့်လိုက်တော့ ကျွန်တော်ပြုံးနေတာကို သတိထားလိုက်မိတယ်။ ဒီလိုမပြုံးမိတာလည်း အတော်ကြာလို့ ပြုံးဖို့မေ့သလောက်တောင် ဖြစ်နေပါပြီ။ နောက်ဆိုရင် သူတို့နဲ့ပို ပြီး ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြတော့မယ်။

မျောက်ရှုပ်တွေနဲ့ အပျော်မကျူးခင် တစ်နှစ်လောက်တုန်းက စီမံခန့်ခွဲရေးတာဝန်တွေကို ပထမဆုံး ထမ်းဆောင်ရတယ်။ အစတုန်းက အဆင်ပြေပါတယ်။ အလုပ်ကလည်း အသစ်၊ အတွေ့အကြုံကလည်း အသစ်ဆိုတော့ စိတ်တွေ တက်ကြွနေတာပေါ့။ ကျွန်တော့်ကိုတာဝန်ခံရတဲ့ အောက်လက်ငယ်သားတွေနဲ့ ဒိုးတူပေါင်ဖက် အလုပ်လုပ်ရတာ စိတ်ဓာတ်တွေကတက်၊ ထုတ်လုပ်မှုစွမ်းအားတွေကတိုးလို့ ပျော်စရာကြီးပေါ့။ ကျွန်တော်မရောက်ခင်က အဲဒီနေရာဟာ



mgyoe.com

mgyoe.com


စိတ်ခံစားရော၊ ထုတ်လုပ်မှုစွမ်းအားတွေပါ ကျဆင်းနေတဲ့ နေရာတဲ့။

အစပိုင်းတုန်းကကောင်းပေမဲ့ အနှောင်းမှာ မသေချာတော့ဘူး။ ပထမအခြေအနေက တဖြည်းဖြည်းကျဆင်းလာတယ်။ နောက် မြန်မြန်ကျတယ်။ လုပ်ငန်းကိုင်ငန်းသာ မဟုတ်ဘူး။ စိတ်ခံစားတွေကလည်း ကျဆင်းလာတယ်။ အချိန်ပိုပေးပြီး ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း အလုပ်လုပ်ပေမဲ့ ဘယ်လိုမှအဖတ်ဆယ်လို့မရဘူး။ ဘာတွေဖြစ်ကုန်တာလဲဆိုတာ နားမလည်နိုင်တော့ဘူး။ အဖြေရှာမရတော့ သောကတွေပွေရပြန်တယ်။ အလုပ်လုပ်လေ ပိုရှုပ်လေ၊ ကြိုးစားလေ နောက်ဆုတ်လေ၊ ကျွန်တော့်ဌာနရဲ့ အခြေအနေပိုဆိုးလေ ဖြစ်လာတယ်။

သာမန်ရုံးတက်ရက်တွေမှာ အချိန်ပိုဆင်းပြီး လုပ်ရုံနဲ့မကျေနပ်နိုင်လို့ စနေ၊ တနင်္ဂနွေပါဆင်းပြီး အလုပ်လုပ်ပါတယ်။ ဘယ်လောက်လုပ်လုပ် အလျှဉ်ကိုမမီနိုင်ဘူး။ အမြဲတမ်းပျာလောင်ခတ်ပြီး သောကရောက်နေတယ်။ အစာအိမ်ရောဂါ၊ ဦးနှောက်နဲ့အာရုံကြောရောဂါတွေ ရနေပြီလို့တောင် ထင်မိတယ်။

အလုပ်ခွင်မှာသာ မဟုတ်သေးဘူး။ မိသားစုအရေးကိုပါ ထိခိုက်လာတယ်။ အိမ်ကို ကျွန်တော်မပြန်နိုင်တော့ မိသားစုကိစ္စတွေ၊ မိသားစုပြဿနာတွေကို ကျွန်တော့်မိန်းမတစ်ယောက်တည်းက သိမ်းကျုံး လုပ်ရတော့တာပေါ့။ အိမ်ပြန်ရောက်တဲ့အခါလည်း အလုပ်ကပင်ပန်းလာ၊


mgyoe.com

mgyoe.com

အလုပ်အာရုံက ဆက်ဝင်နေ၊ ညကြီးသန်းခေါင်အထိ အလုပ်က ဆက်လုပ်နေတယ်။ ကလေးနှစ်ယောက်က လည်း ကျွန်တော့်ကို အတော်စိတ်ကုန်နေကြပုံ ရတယ်။ သူတို့နဲ့အတူ ကစားဖို့အချိန်မှ မပေးနိုင်တာကိုး။ တခြား ရွေးစရာလမ်းကလည်း မမြင်ဘူးလေ။ အလုပ်က အရေး အကြီးဆုံးမဟုတ်လား။ အလုပ်ပြီးအောင်လုပ်ဖို့ လိုတယ် လေ။

ကျွန်တော့် အထက်အရာရှိ အဲလစ်ကယ်လီဟာ ကျွန်တော့် လုပ်ပုံကိုင်ပုံတွေကို သဘောတွေ့ခဲ့တာများ ပါတယ်။ ဝေဖန်ခဲ၊ အပြစ်တင်ခဲတယ်။ အခု သူ အရင်လို မဟုတ်တော့ဘူးဆိုတာ ကျွန်တော် သတိထားမိတယ်။ ကျွန်တော့်ဌာနအကြောင်းကို ခဏခဏ မေးလာတယ်။ ကြည့်ရတာ စိတ်မချလက်မချဖြစ်တာနဲ့ အနီးကပ်စောင့် ကြည့်ချင်ပုံပဲ။

*


mgyoe.com

mgyoe.com

# အထက်လူကြီးနဲ့တွေ့ရပြီ

ကျွန်တော်ဟာ အထက်လူကြီးရဲ့အခန်းကို တစ်ချိန်လုံး ဝင်၊ ပြဿနာတွေ အကုန်တင်ပြ၊ အမြဲတမ်း အကူအညီ တောင်းနေတတ်တဲ့လူမျိုး မဟုတ်ဘူး။ ဒီ့အတွက် အဲလစ်က ကျွန်တော့်ကို သဘောကျပုံရပါတယ်။ ဒါပေမဲ့ အခုတော့ ပြဿနာတွေကို ဖုံးထားချင်လို့ သူ့ဆီမလာတာများလားလို့ ထင်လာတယ်။ ကျွန်တော်တို့ဌာနအတွက် သောကရောက် လာပုံပေါက်တယ်။ ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ် ဘူးဆိုတာ ကျွန်တော် သဘောပေါက်လာတယ်။ သူ့ကို တွေ့ပြီး အခြေအနေအကျိုးအကြောင်းပြောပြမှ ဖြစ်တော့ မယ်။

နောက်ပိုင်းမှာ အခြေအနေဆိုးလာတယ်။ ဆိုးလာ တဲ့အကြောင်း ကျွန်တော်သိတယ်ဆိုတာရယ်၊ ပြဿနာကို အဖြေရှာလို့ မရသေးဘူးဆိုတာရယ် တင်ပြလိုက်တယ်။ နှစ်ယောက်စာ အလုပ်ကို ကျွန်တော်တစ်ယောက်တည်း လုပ်နေရတယ်လို့ထင်တဲ့အကြောင်း ကျွန်တော် ပြောပြလိုက် မိတာ မှတ်မိနေတယ်။ သူ့အဖြေက ကျွန်တော့်တစ်သက်



mgyoe.com

mgyoe.com

မေ့စရာမရှိဘူး။ "နှစ်ယောက်စာအလုပ်ကို မင်းတစ်ယောက်တည်း လုပ်နေရတယ်ဆိုရင် နောက်တစ်ယောက်က ဘယ်သူလဲ၊ ဘယ်သူ့ရဲ့အလုပ်ကို မင်းယူလုပ်နေရတာလဲ၊ တို့ဆီမှာ လူပိုမထားနိုင်ဘူး၊ အဲဒီတစ်ယောက်ကို ထုတ်ပစ်မှဖြစ်မယ်"

"မင်းရဲ့လက်အောက်ငယ်သားတွေကို အလုပ်တွေခွဲဝေမပေးဘူးလား"

"ကျွန်တော့်လက်အောက်ငယ်သားတွေက ထပ်ပြီးတာဝန်ယူနိုင်ကြတော့မယ် မထင်ဘူးဗျ"

ဒီတစ်ခါလည်း သူ ပြန်ပြောပုံက တစ်သက်မမေ့နိုင်စရာ။

"အဲဒီလိုဆိုရင် သူတို့တာဝန် ထပ်ယူချင်လာအောင် လုပ်ပေးဖို့က မင်းတာဝန်ပဲ"

ဒီအခြေအနေကို ကြားရသိရတာ ငါ အတော်ပျော်သွားတယ်။

ဘင်ဂျမင်ဖရန်ကလင်ရဲ့ အဘိုး ပြောဖူးတဲ့ စကားတစ်ခွန်းရှိတယ်။

ပျာလောင်ခတ်နေတဲ့ အထက်လူကြီးတစ်ယောက်အတွက် အလုပ်လုပ်ရတာ သိပ်ခက်တယ်။

အထူးသဖြင့် အထက်လူကြီး ပျာလောင်ခတ်အောင်လုပ်တဲ့လူဟာ မင်းကိုယ်တိုင်ဖြစ်နေရင် သူနဲ့အလုပ်လုပ်ရတာ ပိုခက်မယ်။

*

mgyoe.com

mgyoe.com

# တစ်မိနစ်မန်နေဂျာနဲ့တွေ့ပြီ

အဲလစ်နဲ့ တွေ့ပြီးတဲ့နောက် သူပြောတဲ့အကြောင်းတွေကို တော်တော်လေး စဉ်းစားနေမိတယ်။ "ပျာလောင်ခတ်နေတဲ့လူကြီး" ဆိုတဲ့အသံကို ထပ်တလဲလဲ ကြားယောင်နေမိတယ်။ အဲလစ်က အခုပြဿနာကို ကျွန်တော်ကိုယ်တိုင် ဖြေရှင်းစေချင်ပုံရတယ်။ သူ့ဟာသူကလည်း အရေးကြီးတဲ့ အလုပ်တစ်ခု လုပ်နေပုံရတယ်။ ဒါကြောင့်ပဲ ကျွန်တော် "တစ်မိနစ်မန်နေဂျာ"နဲ့တွေ့ပြီး အကူအညီ တောင်းရတာပဲ။ သူက တခြားကုမ္ပဏီတစ်ခုက ဝါရင့်မန်နေဂျာတစ်ယောက်ပေါ့။ ကျွန်တော်တို့မိသားစုနဲ့ ပေါင်းသင်းဆက်ဆံလာတာလည်း ကြာလှပြီ။ လူတိုင်းက သူ့ကို "တစ်မိနစ်မန်နေဂျာ"လို့ပဲ ခေါ်တယ်။ အခုလိုခေါ်ရတာက နည်းနည်းကလေးလုပ်ရုံနဲ့ အများကြီးအကျိုးရှိအောင် လုပ်နိုင်လို့ ဖြစ်ပါတယ်။



mgyoe.com

နေ့လယ်စာစားဖို့ ဆုံကြတော့ ကျွန်တော့်မျက်နှာပေါ်မှာပေါ်နေတဲ့ ကျွန်တော့်ပြဿနာကို သူ တွေ့သွားပုံရတယ်။

"ဘယ့်နှယ်လဲကွ၊ မန်နေဂျာအလုပ်ဆိုတာ ဟိုတုန်းက မင်းထင်ထားသလောက် မလွယ်ဘူး မဟုတ်လား"လို့ တွေ့တွေ့ချင်း မေးတော့တာပဲ။

"လျှော့လျှော့ပေါ့ပေါ့ ပြောရင်တော့ အဲသလိုပြောရမှာပဲ"လို့ ကျွန်တော်က ပြန်ဖြေလိုက်တယ်။

"ကျွန်တော်မန်နေဂျာမလုပ်ခင် ပျော်စရာကာလတွေက လုပ်ရကိုင်ရတာ အများကြီးလွယ်တယ်။ ကိုယ်လုပ်ရင်ဖြစ်တယ်၊ ကိုယ်ကြိုးစားသလောက် ခရီးပေါက်တယ်။ အခုတော့ ပြောင်းပြန်ဖြစ်နေပြီဗျ"လို့ ကျွန်တော်က သူ့ကိုရှင်းပြတယ်။

ကျွန်တော့်ပြဿနာကို အသေးစိတ် ရှင်းပြတော့ သူကငြိမ်ပြီး နားထောင်နေတယ်။ တစ်ခါတလေကျမှ မေးခွန်းဖြတ်မေးတယ်။ စကားဆက်ပြောရင်း ပြောရင်းနဲ့ သူ့ရဲ့မေးခွန်းတွေဟာ ပိုပြီးတိကျ၊ ပိုပြီးစူးစိုက်လာတယ်။ ကျွန်တော် ဘယ်အလုပ်တွေအတွက် အချိန်အများဆုံးပေးရသလဲလို့မေးတယ်။ ကျွန်တော့်စားပွဲပေါ်က စာရွက်စာတမ်းတွေအတွက်ပဲလို့ ကျွန်တော်က ဖြေလိုက်တယ်။ တစ်ခါ တလေများ ဒီစာရွက် ဟိုဘက်ရွှေ့၊ ဟိုစာရွက် ဒီဘက်ရွှေ့နဲ့ တကယ်လုပ်ရမယ့်အလုပ် ဘာမှမပြီးဘူးလို့ တောင် ထင်မိတယ်။ ဒီကိစ္စကို ကျွန်တော်က "နည်းလမ်းက


mgyoe.com

mgyoe.com


ရည်ရွယ်ချက်အပေါ် အောင်နိုင်မှု"လို့ ကြီးကြီးကျယ်ကျယ် နာမည်ပေးထားတယ်။

ဒါဟာ တကယ်တော့ မှန်တယ်ထင်ရတဲ့ မှားယွင်းမှုကြီး သက်သက်ပဲ။ များများတော့လုပ်ပါရဲ့၊ နည်းနည်းပဲ အောင်မြင်တယ်။

မနေ့တုန်းကဆိုရင် ကုမ္ပဏီထဲက လူတိုင်းလိုလိုက ကျွန်တော့်ကိုတွေ့ချင်၊ ကျွန်တော့်ရဲ့ အကူအညီကို တောင်းချင်ကြပုံရတယ်။ အဲဒီကိစ္စတွေက သူတို့အတွက်တော့ ဧရာမကိစ္စတွေ ဖြစ်ပုံရတယ်။ ကျွန်တော့်အလုပ်အတွက်ကျတော့ သူတို့ကိစ္စတွေ လိုက်ဖြေရှင်းနေရတာနဲ့ ကိုယ့်အလုပ်ကိုယ် မလုပ်ရဘူး။ ကိစ္စတစ်ခု အာရုံစိုက်နေတုန်း တခြားကိစ္စတစ်ခုက ကြားဖြတ်ဝင်လာလိုက်၊ အစည်းအဝေးတွေ တက်လိုက်၊ တယ်လီဖုန်းဖြေလိုက်နဲ့ ပြီးနေတော့တာပဲ။ အစည်းအဝေးတွေ၊ လာလာတွေ့တာတွေ၊ တယ်လီဖုန်းတွေ ဖြေပြီးသွားတဲ့အခါကျ ကျွန်တော်တို့ရဲ့ ပေါင်နဲ့ပတ်သက်လို့ အခြေအနေပိုကောင်းအောင် ဘာတွေ ဘာတွေလုပ်မယ်လို့ စိတ်ကူးထားတာလေးတွေ အကောင်အထည်ဖော်ဖို့ အချိန်မရတော့ဘူး။

*


mgyoe.com

mgyoe.com

# အခြေခံအကျပ်အတည်းတွေ

အချိန်ကို ဘယ်လိုနေရာတွေမှာ ဘယ်လိုအလုပ်တွေအတွက် သုံးရတယ်လို့ သင်ပေးတဲ့ "အချိန်စီမံခန့်ခွဲမှု" သင်တန်း တစ်ခု တက်ခဲ့သေးတဲ့အကြောင်း ကျွန်တော်သူ့ကိုပြောပြ တယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အဲဒီသင်တန်းတက် လိုက်တော့ ပိုဆိုးသွားတယ်လို့ထင်တယ်။ သင်တန်းတက် တော့ အလုပ် (၂) ရက်လောက် ပျက်တယ်။ သင်တန်း တက်လို့ အချိန်တိုတိုနဲ့ အလုပ်များများပြီးအောင် လုပ်တတ် လာတာတော့မှန်ပါတယ်။ ဒါပေမဲ့ မြန်မြန်ပြီးတော့ အလုပ် က လျော့မသွားပဲ ထပ်တိုးတိုးပြီးလာတယ်လို့ထင်တာ ပဲ။ ဘာလို့လဲဆိုတော့ များများပြီးလည်း လုပ်စရာတွေက များများကျန်နေတာကိုး။

ပြီးတော့ ကျွန်တော့်ဝန်ထမ်းတွေကလည်း ပြဿ နာ။ ခန်းမထဲမှာ တွေ့တွေ့၊ ဓာတ်လှေကားမှာ တွေ့တွေ့၊ ကားရပ်ရင်း တွေ့တွေ့၊ ကော်ဖီသောက်ရင်းပဲ တွေ့တွေ့၊



mgyoe.com

mgyoe.com


တွေ့လိုက်တာနဲ့ တစ်ယောက်ယောက်ကတော့ အကူအညီ တစ်ခုခုကို တောင်းတော့တာပဲ။ သူတို့ဆက်ပြီး ဘယ်လို လုပ်ရမလဲဆိုတာ အကူအညီတစ်ခုခု၊ အကြံဉာဏ်တစ်ခုခု တောင်းတော့တာ။ ဒါ့ကြောင့်ပဲ ကျွန်တော်က အချိန်ပိုလုပ် ရပြီး သူတို့က အချိန်ပိုလုပ်စရာမလိုတာဖြစ်မယ်။ ရုံးခန်း တံခါးဖွင့်ထားရင် တစ်ချိန်လုံး တစ်ယောက်ပြီးတစ်ယောက် ဝင်လာပြီး အလုပ်လုပ်လို့မရတာနဲ့ တံခါးတောင် ပိတ်ထား ရတယ်။ ဒီလိုလုပ်ရတာလည်း စိတ်မကောင်းပါဘူး။ သူ တို့စိတ်၊ သူတို့အကျင့်ကိုက ကျွန်တော်ပြောမှ လုပ်ရဲပြီး ကိုယ့်ဘာသာကိုယ် မလုပ်ရဲသလို ဖြစ်နေကြတာ။

တစ်မိနစ်မန်နေဂျာက ကျွန်တော့်ပြဿနာ သေသေ ချာချာ နားထောင်တယ်။ ပြောလို့အားရတော့မှ သူက ကျွန်တော်ဟာ အခြေခံစီးပွားရေးခန့်ခွဲမှု အကျပ်အတည်းရဲ့ သားကောင် ဖြစ်နေပုံရတယ်တဲ့။

"ဘာလို့ ဝန်ထမ်းတွေ အလုပ်မရှိနေချိန်မှာ မန်နေဂျာက အချိန်မရှိ ဖြစ်နေသလဲ"

ဒီမေးခွန်းဟာ တကယ်ချက်ကျတဲ့ မေးခွန်းပဲ။ ကျွန်တော့် ဝန်ထမ်းတွေရော၊ တခြားအချိန်လာလုတဲ့လူ တွေရယ်ပေါင်းလိုက်ရင် နည်းတဲ့လူတွေမဟုတ်ဘူး။ ဒါပေ မဲ့ အမြဲတမ်း ကျွန်တော့်အကူအညီ လိုနေတဲ့လူတွေနဲ့ ပတ်သက်လို့တော့ ကျွန်တော် မညည်းသင့်ဘူးထင်တယ်။ အခုအထိ ဖြစ်နေပုံထောက်ရင် ကျွန်တော်မရှိရင်မဖြစ်သလို ဖြစ်နေတယ်။ ကျွန်တော်မရှိရင် မဖြစ်လို့ပဲ၊ ကျွန်တော်


mgyoe.com

mgyoe.com

အလုပ်မပြုတ်တာ မဟုတ်ဘူးလား?။

တစ်မိနစ်မန်နေဂျာက လုံးဝကို သဘောမတူဘူး ဗျို့။ မရှိမဖြစ်တဲ့ မန်နေဂျာတွေဟာ ဘယ်မှာတန်ဖိုးရှိလို့လဲ၊ အန္တရာယ်တောင် ကြီးသေးတယ်။ သူများတွေရဲ့အလုပ်ကိုလုပ်ပေးတာ၊ သူများအလုပ် မလုပ်တတ်အောင် နှောင့်ယှက်တာနဲ့အတူတူပဲ။ သူရှိတာနဲ့ ကျန်တဲ့လူတွေ လူညံ့တွေ ဖြစ်ကုန်ရော။ အဲဒီတော့ သူ့နေရာမှာ မြန်မြန်အစားထိုးရတော့တယ်။ ဒီ့ပြင် လောလောဆယ်ရာထူးမှာ မရှိမဖြစ်တဲ့လူဖြစ်နေပြီး သူ့ရာထူးကိုဆက်ခံမယ့် သူ့အလုပ်ကို လုပ်တတ်မယ့်လူ မရှိတဲ့အခါကျ သူ့ကို ရာထူးတိုးပေးလို့ မဖြစ်ဘူး။ ဒီတော့ မရှိမဖြစ်မန်နေဂျာဟာ သူ့အတွက်လည်း မကောင်းဘူး။ ကိုယ့်အတွက်လည်း မကောင်းဘူးလို့ ပြောပါလေရော။

သူပြောမှ ကျွန်တော့်အထက်လူကြီးနဲ့ စကားပြောခဲ့တာတွေ ပြန်စဉ်းစားကြည့်မိတယ်။ သူပြောပုံဆိုပုံ ကြည့်ရတာကတော့ ကျွန်တော် မရှိရင်မဖြစ်တဲ့ပုံ မပေါက်ဘူး။ ဒါပေမဲ့ ကျွန်တော် အခုပြဿနာကို မြန်မြန်ဆန်ဆန် မဖြေရှင်းနိုင်ရင် အလုပ်ပြောင်းဖို့ မကြာခင်ပြောတော့မှာပဲ၊ မပြောဘဲ ဘယ်နေမလဲ။

ဌာနပေါက်စနလေးကိုမှ စီမံခန့်ခွဲခြင်း မပြုနိုင်ရင် မန်နေဂျာတောင် ဖြစ်ဖို့မကောင်းဘူး။

*

mgyoe.com

mgyoe.com

# ဘယ်သူ့မျောက်လဲ

**နောက်ထပ်လုပ်စရာကလည်း နောက်ထပ်အရှုပ်တစ်ရှုပ်**

တစ်မိနစ် မန်နေဂျာက ဥပမာတစ်ခုပေးတယ်။ သူပေးတဲ့ ဥပမာက သိပ်မှန်၊ သိပ်ထင်ရှားလွန်းလို့၊ ဒီနေ့အထိ သူပြောသမျှ လုံးစေ့ပတ်စေ့ ပြောပြနိုင်ပါတယ်။

အခန်းထဲဝင်လာတဲ့အခါ ကိုယ့်ဝန်ထမ်းတစ်ယောက်နဲ့တွေ့တယ်။ သူက "မင်္ဂလာပါ ဆရာ၊ ကျွန်တော်တို့ပြဿနာဖြစ်နေလို့ ခဏလောက်တွေ့လို့ရမလား" လို့ ပြောတယ်။ ကိုယ့်လူတွေရဲ့ပြဿနာကို ဂရုစိုက်မှဖြစ်မှာပေါ့ မဟုတ်ဘူးလား။ ဒီတော့ သူပြောတဲ့ပြဿနာကို ရပ်ပြီး သူ အသေးစိတ်ပြောပြတာကို သည်းခံပြီးနားထောင်ရတယ်။ သူပြောတဲ့နောက်လည်း မျောပါသွားတယ်။ အချိန်ကုန်လို့ ကုန်မှန်းမသိဘူး။ သတိရလို့နာရီကို အမှတ်တမဲ့ကြည့်လိုက်တော့ ငါးမိနစ်လို့ထင်တာ နာရီဝက်ကြာသွားတယ်။



mgyoe.com

mgyoe.com

ဒီတော့ ကိုယ်သွားရမယ့်နေရာကို နောက်ကျရောက်တယ်။ ပြဿနာကို နားထောင်တော့ ဘာသိလာသလဲ။ အဖြေမပေးနိုင်သေးဘူး၊ ဒီကိစ္စ ကိုယ်ဆက်ပါရဦးမယ် ဆိုတာလေးပဲသိတယ်။ ဒီတော့ "ဒါအရေးကြီးတဲ့ ပြဿနာပဲ။ ဒါပေမဲ့ လောလောဆယ်ဆွေးနွေးဖို့ အချိန်မရသေးဘူး။ ငါ စဉ်းစားပါရစေဦး။ ပြီးရင် မင်းကို ပြန်တွေ့မယ်" ဆိုပြီး လမ်းခွဲကြတယ်။ ဒါပဲ မဟုတ်လား။

နေ့လယ်စာစားရင်း ကျွန်တော့်ရဲ့ပြဿနာကို သူက ခွဲခြမ်းစိတ်ဖြာပြလိုက်တော့ အတော်လန့်သွားတယ်။ ပထမ အချက်အနေနဲ့ ကျွန်တော် ပြဿနာဖြေရှင်းပုံဟာ၊ အချိန်ပို အလုပ်လုပ်တာ ဆွေးနွေးပွဲတွေတက်တာတွေဟာ ပြဿနာရဲ့ အကြောင်းတရားကိုဖြေရှင်းတာ မဟုတ်ဘဲ အပေါ်ယံ ပြဿနာရဲ့ လက္ခဏာတွေကိုသာ ဖြေရှင်းရာ ရောက်နေသတဲ့။ ဘာကြောင့်ဖျားလို့ ဖျားမှန်းမသိဘဲ အဖျားဖြတ်ဆေးသောက်တာနဲ့တူသတဲ့။ ဒီတော့ ပြဿနာဟာ လျော့မသွားဘဲ ပိုဆိုးလာတာပေါ့။ ဆေးအတွက် လေးနေတော့တာပေါ့။

ကျွန်တော့်ခေါင်းထဲမှာ အဲဒီ့တုန်းက ဘာတွေတွေးနေမိတယ်ထင်သလဲ။ "ဒါတွေ ငါ မကြားချင်ဘူး။ ဘယ့်နှယ် ငါဒီလောက် ကြိုးစားပမ်းစား လုပ်နေတဲ့ကြားထဲက ပြဿနာတွေ ပိုရှုပ်လာရတယ်လို့၊ ငါ မလုပ်ဘဲနေရင် ဘယ်မှာအလုပ်ပြီးမလဲ၊ အများကြီးနောက်ကျ နေဦးမယ်" လို့တွေးမိတယ်။


mgyoe.com

mgyoe.com


ကျွန်တော့်မိတ်ဆွေကြီး ပြောတာကိုလည်း အကြောက်အကန် ငြင်းပါသေးတယ်။ ဒါပေမဲ့ မရပါဘူး။ သူပြောတာတွေဟာ အမှန်တွေပဲ။ ကျွန်တော်တို့ဌာနရဲ့ ဝန်ထမ်းနဲ့ လုပ်ငန်းတွေက ကျွန်တော် မရောက်ခင်ကလည်း ဒီအတိုင်း ကျွန်တော်ရောက်ပြီးမှလည်း ဒီအတိုင်းပဲ။ ဘာမှမပြောင်းလဲဘူး။ ပြောင်းလဲတာဆိုလို့ ကျွန်တော်ရောက်လာတာပဲရှိတယ်။ ဒီတော့ ပြဿနာဟာ ကျွန်တော်ရောက်လာလို့ဖြစ်တာ၊ ကျွန်တော့်ကြောင့် ဖြစ်ရတာပဲပေါ့။ ကျွန်တော့်ဘာသာ ကျွန်တော် ဘယ်လိုငြင်းလို့မှမရတဲ့ အမှန်တရားကို ကျွန်တော် လက်မခံလို့ မရတော့ဘူး။

ပိုဂိုရဲ့စကားကို ကောက်နုတ်ဖော်ပြရရင်

"ငါရဲ့ရန်သူကွေ့ပြီကွ။ ငါ့ရဲ့အနီးကပ်ဆုံး ရန်သူဟာ ငါပဲ"

အဲဒီအချိန်လေးကို ပြန်သတိရတဲ့အခါမှာ နေ့လယ်စာမေ့နေကြတဲ့ အလုပ်သမားတွေ တစ်စုအကြောင်း တွေးမိတယ်။ အလုပ်သမားတွေအားလုံးမှာ ထမင်းဘူး နေ့လယ်စာဘူးတွေ ပါလာကြတယ်။ အလုပ်သမားတစ်ယောက်က သူ့ထမင်းဘူးဖွင့်၊ ထမင်းဘူးထဲကပါတာတွေ ကြည့်ပြီး ထအော်တယ်။ ဒီအသားညှပ်မုန့်တွေ လာပြန်ပြီလား။ "ဒီမုန့်တွေချည်း စားနေရတာ လေးရက်ရှိပြီ။ ဒီမုန့်ကို နည်းနည်းလေးမှ မကြိုက်ဘူး"

သူ့လုပ်ဖော်ကိုင်ဖက် အလုပ်သမားတစ်ယောက်က ဝင်ထိန်းတယ်။


mgyoe.com

mgyoe.com


"စိတ်လျှော့ စိတ်လျှော့၊ မင်း မိန်းမကို တခြား စားစရာတစ်ခုခု ဟင်းတစ်ခုခု ဘာလို့ပြောင်းပြီး မထည့်ခိုင်း သလဲ"

စောစောက အလုပ်သမားက ပြန်ဖြေတယ်။

"ဘယ်ကမိန်းမရမှာလဲ၊ ကိုယ့်ဘာသာကိုယ် ချက် ပြုတ်ပြီး ထည့်လာတာ"တဲ့။

ပြဿနာရဲ့ အရင်းအမြစ်ကို ဘယ်နေရာ သွားရှာ ရမှန်းမသိတော့ ထပ်ရှင်းပြဖို့ တောင်းပန်ရတယ်။ သူက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး

"မင်းရဲ့ပြဿနာကတော့ မျောက်တွေပဲကွ"

ကျွန်တော်က ရယ်ချလိုက်တယ်။ "မျောက်တွေ ဟုတ်လား၊ မှန်ပုံတော့ရတယ်။ ကျွန်တော့်ရုံးခန်းက တိရစ္ဆာန်ရုံနဲ့ တူနေတာများတယ်။ ခင်ဗျား ဘာကိုဆိုလို တာလဲ၊ ရှင်းစမ်းပါဦး"

ဒီတော့မှ သူက မျောက်ရဲ့အဓိပ္ပာယ်ကို ဖွင့်ပြ တယ်။

"စောစောက တို့ပြောတဲ့ ဥပမာကိုကြည့်လေ၊ ပြဿနာကို ဘေးကကြည့်ရင် ပိုရှင်းတယ်။ အဲဒီဇာတ်လမ်း ထဲမှာ မင်းကိုယ်တိုင်ပါနေရင် ပြဿနာကို ရှင်းရှင်းလင်း လင်း ကြည်ကြည်လင်လင်မြင်ဖို့ ပိုခက်တယ်။

"စောစောက ဝန်ထမ်းနဲ့ တို့မတွေ့ခင်တုန်းက မျောက်က သူ့ကျောကုန်းပေါ်မှာရှိတယ်။ စကားပြောနေ ကြတော့ ပြဿနာကို နှစ်ယောက် ဝိုင်းစဉ်းစားနေကြတာ


mgyoe.com

mgyoe.com


ပေါ့။ အဲဒီအခါကျ မျောက်က ဟိုဘက်ခြေတစ်ချောင်း၊ ဒီဘက်ခြေတစ်ချောင်းဖြစ်နေပြီ။ တို့ဆီကို ရောက်မလာသေးဘူး။ ဒါပေမဲ့ ငါ သေသေချာချာ စဉ်းစားလိုက်ဦးမယ်။ ပြီးရင် မင်းကို ပြန်ပြောမယ်လို့ ပြောလိုက်တာနဲ့ မျောက်က တို့ဝန်ထမ်းကျောပေါ်ကဆင်းပြီး တို့ကျောပေါ်ကိုရောက်လာရော သူ့ကျောပေါ်မှာ ပေါ့သွားပြီဆိုတော့ သူကတော့ အေးအေးဆေးဆေးဖြစ်သွားပြီလေ။

"အခု တို့စဉ်းစားတဲ့ကိစ္စဟာ တို့ဝန်ထမ်းရဲ့အလုပ်ဆိုပါတော့။ ပြီးတော့ ပြဿနာနဲ့အတူ အဖြေတချို့လည်း သူတစ်ယောက်ထဲရှာနိုင်တယ် ဆိုပါတော့။ ဒီလိုဆိုရင် သူလုပ်ရမယ့်အလုပ်နှစ်ခုကို တို့က ဧတနဲ့ဝန်ထမ်း ဝင်လုပ်လိုက်ရာရောက်တယ်။ (၁) သူ ရှင်းရမယ့် တာဝန်ကို တို့က ဝင်ယူလိုက်တယ်။ (၂) သူ့ကို အစီရင်ခံတင်ပြပါမယ်လို့ ပြောလိုက်တယ်။ နေဦး၊ ရှင်းပြဦးမယ်"

မျောက်တိုင်း မျောက်တိုင်းအတွက်
အလုပ်လုပ်ရမည့်သူနှင့်
ကြီးကြပ်ရမည့်သူဟူ၍
လူနှစ်ယောက်လိုသည်။

"အခုပြောပြခဲ့တဲ့ ဥပမာကိုပဲကြည့်လေ။ သူ့တာဝန်ကို တို့က ဝင်ယူလိုက်တာနဲ့ တို့က အလုပ်လုပ်တဲ့လူဖြစ်သွားပြီး သူက ကြီးကြပ်တဲ့လူဖြစ်သွားတယ်။ အထက်လူ ဘယ်သူဖြစ်သွားပြီဆိုတာ တို့ သေသေချာချာသိအောင် နောက်နေ့ကျရင် သူက ဒို့ရုံးခန်းကို ခဏခဏလာပြီး


mgyoe.com

"ဘယ့်နှယ်လဲ၊ အဖြေမထွက်သေးဘူးလား၊ မပြီးသေးဘူးလား"လို့မေးမယ်။ သူ ကျေနပ်လောက်တဲ့အဖြေ မရမချင်း တောင်းမယ်။ တကယ်တော့ သူလုပ်ရမယ့်အလုပ်ကို တို့ကို လုပ်ခိုင်းနေတာပဲ"

ကျွန်တော် လန့်သွားတယ်။ အထက်လူက အောက်လူဖြစ်၊ အောက်လူက အထက်လူဖြစ်သွားတာကို ကွက်ကွက်ကွင်းကွင်းမြင်အောင် သူက ပြောပြလိုက်တော့ ကျွန်တော့်ရုံးခန်းထဲရောက်နေတဲ့ ဒါဇင်ပေါင်းများစွာသော မျောက်တွေကို ကျွန်တော် ပြေးမြင်လိုက်တယ်။

မကြာသေးမီက ကျွန်တော့်လက်ထောက် တစ်ယောက်က ကျွန်တော့်ကို စာတိုလေးတစ်စောင်တင်တယ်။ "သိတာစီမံကိန်းနဲ့ပတ်သက်လို့ ဝယ်ယူရေးဌာနက အကူအညီမရဘူး။ အဲဒါ သူတို့မန်နေဂျာကို ပြောပေးနိုင်မလားတဲ့။ ကျွန်တော်ကလည်း ပြောပေးဖို့ သဘောတူလိုက်ပါတယ်။ အဲသလိုလည်း ပြောလိုက်ရော နှစ်ခေါက်ရှိပြီ၊ ပြောလို့မပြီးသေးဘူးလား၊ မပြီးသေးဘူးလားနဲ့ လာမေးနေတော့တာပဲ၊ ကျွန်တော်ကလည်း မပြောရသေးတော့ အပြစ်ရှိတဲ့သူတစ်ယောက်လို ဖြစ်နေတယ်။ "အေးကွာ၊ မပြောရသေးလို့ပါ။ ဒါပေမဲ့ စိတ်ချပါ၊ ငါ ပြောဖြစ်အောင် ပြောမှာပါ"လို့ တောင်းပန်ရတယ်။ ဒီမှာက မျောက်တစ်ကောင်။

နောက် မျောက်တစ်ကောင်က မာရီယာဆီကပေါ့။ သူကလည်းလာသေးတယ်။ ကျွန်တော့်ရဲ့ အကူ



mgyoe.com

mgyoe.com


အညီကိုရမှ ဖြစ်မယ်။ တခြားသူတွေဆီက တောင်းလို့ မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ အဖွဲ့အစည်း အကြောင်း ကျွန်တော်ပဲပိုသိလို့ အတတ်ပညာပိုင်းမှာလည်း ကျွန်တော်က ပိုပြီးတတ်လို့တဲ့။

နောက်မျောက်တစ်ကောင်ကတော့ အဲရစ်ဆီက ပါ။ သူက တခြားဌာနတစ်ခုကနေ ကျွန်တော်တို့ဌာနက ရာထူးအသစ်တစ်ခုကို ကူးလာတဲ့သူပေါ့။ သူ့အတွက် အလုပ်တာဝန်တွေကို ရေးပေးရဦးမယ်။ သူက သူ့တာဝန် ဟာ ဘာလဲ၊ သူ ဘာတွေလုပ်ပေးရမလဲလို့ မေးတော့ ကျွန်တော် ဘာဖြေရမှန်းမသိဘူး။ အလုပ်သစ်နေရာသစ်မှာ သူ့ကို ဘာလုပ်ခိုင်းရမယ်ဆိုတာ စဉ်းစားလို့ကိုမရဘူး။ အဲဒါနဲ့ အခုတော့ ခဏနေပါဦး၊ သူလုပ်ရမယ့် အလုပ်တွေ ကို ချရေးပေးပါမယ်လို့ တောင်းပန်ထားရတယ်။

ကျွန်တော် မျောက်တွေကို ဘယ်လိုရလာခဲ့တယ် ဆိုတာ ပြန်ပြီးစဉ်းစားကြည့်မိတယ်။ မျောက်တစ်ကောင် က ဘယ်လိုလုပ်ပြီးအပြီးသတ်ရမယ်ဆိုတာမသိတဲ့ မလီစာ ဆီကပေါ့။ ဒါတွေဒါတွေ ထပ်လုပ်လိုက်လို့ အကြံပေးပြီး သူ့ကို ပြန်ပေးလိုက်ရတယ်။ နောက်မျောက်တစ်ကောင်က ကိုဂေါ်ဒန်လေ။ အလုပ်ကလေးတစ်ခု ခိုင်းမိပါတယ်။ ပြန်လာပြီး မေးမေးနေတာက လေးခါက်ရှိပြီ။ နောင်ဆို ရင် သူ့ကိုမခိုင်းဘဲ ကိုယ့်ဟာကိုယ် လုပ်လိုက်တော့မယ်လို့ စိတ်ကူးပေါက်လာတော့တယ်။

ဩော်... မျောက်တွေ မျောက်တွေ၊ ကုန်ပဲမကုန်


mgyoe.com

mgyoe.com


နိုင်ပါလား။ နောက်ထပ်မျောက်တွေ ကျန်သေးတယ်။ ဒီမျောက်တွေရဲ့ ပိုင်ရှင်ကတော့ ကျေးဇူးရှင် မာရီယာပေါ့။ သူလုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံကြောင့် တခြားလူတွေ အမြဲဒုက္ခရောက်ရတယ်။ အဲဒီလူတွေက ကျွန်တော့်ကို ပြန်လာတိုင်ကြတော့ "ကျွန်တော် ကြည့်လိုက်ပါဦးမယ်၊ ပြီးရင်ပြန်ပြောပါ့မယ်"ဆိုတဲ့ ခတ်ပြားကြီးပဲ ပြန်ဖွင့်ရတော့တာပေါ့။

ဒီအကြောင်းတွေကို ပြန်စဉ်းစားကြည့်မိတော့ တချို့မျောက်တွေဟာ ပြဿနာကောင်တွေမဟုတ်ဘဲ အခွင့်အလမ်းကောင်တွေ ဖြစ်နေတာတွေ့ရတယ်။

ဥပမာ ဘင်ဆိုတဲ့ကောင်ဟာ တီထွင်ဉာဏ် အလွန်ကောင်းတဲ့ မောင်တီထွင်ပဲ၊ သူ့ခေါင်းက အကြံကောင်းဉာဏ်ကောင်းတွေ သိပ်ထွက်တယ်။ သူ့အားနည်းချက်က ဘယ်အလုပ် ဘယ်ပစ္စည်းကိုမှ ပြီးအောင်မလုပ်တာ။ ဒီတော့ သူက အကြံတွေ တစ်ခုပြီးတစ်ခုလိုမ့်ပြီး တင်ပြ၊ အဲဒီအကြံတွေ အကြံတွေတစ်ခုစီ အကောင်အထည်ဖော်စရာ အခွင့်အလမ်းတွေကို တေးမှတ်ထားရတယ်။

မျောက်တွေအကြောင်း ပြန်စဉ်းစားကြည့်မိတော့မှ မျောက်အတော်များများဟာ ကျွန်တော့်မျောက်တွေ မဟုတ်ဘဲ ကျွန်တော့် ဝန်ထမ်းတွေရဲ့မျောက်တွေ၊ သူတစ်ပါးရဲ့မျောက်တွေဖြစ်ကြောင်း သဘောပေါက်လာရတယ်။ တချို့မျောက်တွေကတော့ ကျွန်တော့် ကိုယ်ပိုင်မျောက်တွေပါ၊ ကျွန်တော့်တာဝန်ပါ။ ဥပမာ–ကျွန်တော့် ဝန်ထမ်းတစ်


mgyoe.com

mgyoe.com


ယောက် နေမကောင်းရင်၊ သင်မပေးရသေးရင်၊ အလုပ်ကို ပြီးအောင် မလုပ်တတ်ရင် တစ်ခါတစ်ရံ ကျွန်တော်က ကူညီဖို့တာဝန် ရှိပါတယ်။ ကျွန်တော့် ဝန်ထမ်းတွေက သာမန်အချိန်မှာလုပ်တဲ့ အလုပ်မျိုးကို အရေးအကြောင်း ပေါ်လာတဲ့အခါ ကျွန်တော် ဝင်လုပ်ရတာမျိုးလည်း ရှိပါတယ်။ ပြီးတော့ ကျွန်တော့်ဝန်ထမ်းတွေဆီက ကိစ္စတစ်ခု အတွက် အကြံပြုထောက်ခံချက်တွေရရင် အဲဒီအကြံပြုချက် အတိုင်း ဆက်လုပ်ဖို့ဆိုတာ ကျွန်တော့်တာဝန်ပါပဲ။ သူတို့ ပြောတာတွေ နားထောင်၊ ရေးပေးတာတွေဖတ်၊ မေးစရာရှိ တာမေး၊ ပြန်စဉ်းစားကြည့်၊ ဆုံးဖြတ်ချက်ချ၊ အကောင် အထည်ဖော်စသည်ဖြင့် ဆက်လုပ်ဖို့တွေဟာ ကျွန်တော့်ရဲ့ တာဝန်ပါ။

*


mgyoe.com

mgyoe.com

# ဘယ်သူမပြု မိမိမှု

ကျွန်တော်က တချို့တချို့သောမျောက်တွေဟာ ကျွန်တော့် ကိုယ်ပိုင်မျောက်တွေဖြစ်ကြောင်း၊ တစ်မိနစ် မန်နေဂျာကြီး ကိုပြောပြတော့ သူကသဘောတူပါတယ်။ ဒါပေမဲ့ မျောက် ရှုပ်တော်တော်များများဟာ ကိုယ်နဲ့မဆိုင်တဲ့အကောင်တွေ ပွေ့ချီဖို့နေနေသာသာ ပြုံးတောင် မပြသင့်တဲ့ အကောင်တွေ ဆိုတာလည်း ကျွန်တော်တို့ နှစ်ယောက်စလုံးက သဘောတူ ကြပါတယ်။

ဘယ်လို "ကိုယ့်ရှုးကိုယ်ပတ်" ဖြစ်တယ်ဆိုတာ လွယ်လွယ်လေး စဉ်းစားကြည့်လို့ရပါတယ်။ သူများထိန်း နိုင်တဲ့မျောက်ကို ကျွန်တော်ပွေ့ချီလိုက်တော့ အဲဒီမျောက် ကို ကျွန်တော်ထိန်းချင်လို့ပဲလို့ သူတို့တစ်တွေက သဘော ပေါက်ကြတယ်။ ဒီတော့ သဘာဝကျကျပဲ ကျွန်တော် များများပွေ့ချီလေ ကျွန်တော့်ကို များများပေးကြလေ ဖြစ် နေတော့တယ်။ မကြာမီ ကျွန်တော်အလုပ်ရှုပ်စရာ မျောက်



mgyoe.com

mgyoe.com


တွေက တစ်ရက်စာလောက် ဖြစ်လာပြီ။ ဒီအချိန်မှာ ကျွန်တော့် မူလအလုပ်တွေကို ကျွန်တော် လုပ်နေနိုင်သေးတယ်။ ဒါပေမဲ့ ဒီမှာပဲမပြီးဘူး။ မျောက်တွေက တစ်ကောင်ပြီးတစ်ကောင် ထပ်ရောက်ရောက်လာတယ်။

ဒီတော့ ကျွန်တော် အချိန်မလောက်တော့ဘူး။ ကိုယ်ပိုင်အချိန်ထဲက ဖဲ့ယူလာရတယ်။ လေ့ကျင့်ခန်းတွေ၊ ဝါသနာပါတာတွေ မလုပ်နိုင်တော့ဘူး။ ရပ်ရေးရွာရေးတွေ မဆောင်ရွက်နိုင်တော့ဘူး။ ဘုရားသွားကျောင်းတက်လည်း ပျက်တယ်။ နောက်ဆုံးမှာ မိသားစုနဲ့အတူတူတောင် အချိန်ကြာကြာ မနေနိုင်တော့ဘူး။

နောက်ဆုံးမှာ ဘယ်ကမှ အချိန်ဖဲ့လို့မရတော့ပဲ သွားလည်း ဒီစိတ် စားလည်း ဒီစိတ်ဆိုသလို အမြဲတမ်း အလုပ်နဲ့ပဲပိနေတော့တယ်။ ဒါပေမဲ့ မျောက်တွေက တစ်ကောင်ပြီးတစ်ကောင် ရောက်လာနေတုန်းပဲ။ ဒီတော့ ဟိုဟာလည်းမပြီး၊ ဒီဟာလည်းမပြီး ဖြစ်လာတယ်။ နှောင့်နှေးကြန့်ကြာလာတယ်။ ကျွန်တော့်ဆီမှာကြာနေတော့ ကျွန်တော့်ဝန်ထမ်းတွေက စောင့်ဆိုင်းနေကြတယ်။ တကယ်တော့ ကျွန်တော်ရော၊ ကျွန်တော့်ဝန်ထမ်းတွေရော နှစ်ဦးနှစ်ဖက်လုံးက ဘာမှလုပ်လို့မပြီးဘဲဖြစ်နေကြတယ်။ မျောက်တွေကို လုံးဝမထိန်းဘဲ လွှတ်ပေးထားသလို ဖြစ်နေတယ်။

ကျွန်တော့်ဆီမှာပဲ အလုပ်တွေကပုံနေတော့ ဝန်ထမ်းတွေလည်း အလုပ်ဆက်လုပ်လို့မရ။ ကျွန်တော့်ဝန်ထမ်းတွေ အလုပ်ဆက်လုပ်လို့မရတော့ တခြားဌာနက ဝန်ထမ်း


mgyoe.com

mgyoe.com


တွေလည်း အလုပ်မပြီး။ ဒီလူတွေကို ကျွန်တော့်ကိုလှမ်းပြီး အပြစ်တင်ကြ၊ တိုင်ကြတောကြလုပ်တော့ ကျွန်တော် ပြန်ကြည့်ပါရစေဦး။ ပြီးရင် အခြေအနေကို ကျွန်တော် အကြောင်းပြန်ပါ့မယ်လို့ ပြောရပြန်ပြီ။ အဲသလို ဘေးက ခုန်ပေါက်ဝင်လာတဲ့ မျောက်တွေအတွက် အချိန်ပေးရပြန်တော့ ဝန်ထမ်းတွေရဲ့ မျောက်တွေအတွက် အချိန်မပေးနိုင်ပြန်ဘူး။ ဒီတော့ ကျွန်တော့်အထက်လူကြီးက ကျွန်တော် ဘာတွေလုပ်နေသလဲဆိုပြီး အစီရင်ခံစာတွေ တွင်တွင်ကြီးတောင်း၊ အောက်ကိုခုန်ဆင်းလာတဲ့ မျောက်တွေအတွက် အချိန်ပေးရပြန်ရော။

ဒီလိုဘေးကျပ်နံကျပ်ဖြစ်တော့မှ ဘယ်သူမပြု မိမိမှုဆိုသလို ပြဿနာရဲ့အရင်းခံဟာ ကျွန်တော်ပဲ။ ကျွန်တော်ဟာ ပြဿနာတွေကို ဖန်တီးတဲ့သူပဲလို့ သဘောပေါက်တော့တယ်။

တခြားလူတွေရဲ့ ပြဿနာ မျောက်တွေကို ကျွန်တော်လိုက်ထိန်းနေတယ်၊ လိုက်လုပ်နေတယ်ဆိုတာက ကျွန်တော့် အလုပ်ကို ကျွန်တော် မလုပ်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကျွန်တော်က စီမံခန့်ခွဲနေတာမဟုတ်ဘဲ စီမံခန့်ခွဲတာကို ခံယူနေတာဖြစ်တယ်။ ကျွန်တော်က ကြိုကြိုတင်တင် ပြင်ပြင်ဆင်ဆင် ဘာမှလုပ်မထားဘဲ သူများနောက်က လိုက်လုပ်နေရတာ၊ သူများကို အမီလိုက်နေရတာ ဖြစ်သွားတယ်။

*

mgyoe.com

mgyoe.com

# အဖြေတွေ့ပြီ

ကျွန်တော်တို့ နေ့လယ်စာ ဆက်စားကြရင်း ဦးတစ်မိနစ်နဲ့ ကျွန်တော့် မျောက်တွေကြောင့်ဖြစ်ရတဲ့ ပြဿနာတွေအကြောင်းကို အများဆုံး ဆက်ပြောဖြစ်ကြတယ်။ နောက်ဆုံးမှာ ဒီမျောက်တွေကို ဘယ်လို ကိုင်တွယ်ရ၊ ဘယ်လိုဖြေရှင်းရမှန်းမသိတဲ့ အခြေအနေကို ဆိုက်သွားတယ်။ ဒီ တော့လည်း ကျွန်တော် ဝန်ခံရတာပေါ့။ "ကျွန်တော်ဝန်ခံ ပါတယ်၊ ကျွန်တော့်မှာ ကျွန်တော့်ဝန်ထမ်းတွေရဲ့ မျောက် တွေတစ်ပုံကြီး နှိပ်စက်သမျှခံနေရတယ်။ ဒါပေမဲ့ ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ ကျွန်တော်တို့ ရုံးဌာနထဲက အချိန်အလွန် ကုန်တဲ့ တောင်းဆိုမှုတွေကိုရော ဘယ်လိုလုပ်မလဲ"

သူက အေးအေးဆေးဆေးပဲ ပြန်ဖြေတယ်။ "အထက်လူကြီးဆီက အောက်ကိုခုန်ဆင်းလာတဲ့ မျောက်တွေရယ်၊ ဘေးကခုန်ပေါက်ဝင်လာတဲ့ မျောက်တွေရယ်ဟာ



mgyoe.com

mgyoe.com


အောက်လက်ငယ်သားတွေဆီက အပေါ်ကို တက်လာတဲ့ မျောက်တွေရဲ့ သားသမီးတွေပဲကွ။ မင်းရဲ့ ဝန်ထမ်းတွေရဲ့ ကြားက ပြဿနာကို ဖြေရှင်းနိုင်ရင် တခြားမျောက်တွေ အတွက် ဖြေရှင်းဖို့ အချိန်ရပါတယ်။ ဒါပေမဲ့ ခဏနေဦး။ ဒီနေရာက အဲဒီ့အကြောင်းတွေပြောဖို့ အချိန်မတန်သေးဘူး။ အဲဒီ့အကြောင်းကို သေသေချာချာသိချင်ရင် စီမံခန့်ခွဲချိန် ခွဲခြမ်းစီစဉ်ခြင်း (Managing Management Time) ဆိုတဲ့ သင်တန်းကိုသွားတက်ရင် အကောင်းဆုံးပဲ”

ကျွန်တော်က အချိန်စီမံခန့်ခွဲနည်းသင်တန်း တက်ဖူးတယ်။ သင်တန်းတက်လိုက်မှ အခြေအနေ ပိုဆိုးလာတယ်ဆိုတာ ပြောပြလိုက်တယ်။

သူက “ဒါပေမဲ့ သင်တန်းချင်းမတူဘူးကွာ။ မင်းတက်ခဲ့တဲ့သင်တန်းက လုပ်ပုံလုပ်နည်းမှန်ဖို့ အလေးပေးတယ်။ မင်းဟာ မြန်မြန်ဆန်ဆန်၊ သွက်သွက်လက်လက် ဖြစ်လာမယ်။ ဒါပေမဲ့ မင်း လုပ်နေတဲ့အလုပ်တွေက တလွဲတွေ”

“ဘာနဲ့တူသလဲဆိုတော့ လေဆိပ်မှားပြီးဆင်းမိတဲ့ လေယာဉ်မှူးနဲ့တူတယ်။ အခုတက်ခိုင်းတဲ့ သင်တန်းက ဘာရမလဲဆိုတော့...”

လုံးဝမလုပ်ထိုက်သည့် အလုပ်များသည် ကောင်းကောင်းမလုပ်ထိုက်သည့် အလုပ်များဖြစ်သည်။

*

mgyoe.com

mgyoe.com

# အိပ်ပျော်ရာမှ နိုးသောလားသို့

ကျွန်တော်တို့ စားသောက်ဆိုင်ကပြန်လာကြတဲ့အခါ အကူအညီပေးလို့ ကျေးဇူးတင်ကြောင်း၊ သင်တန်းကို တက်ဖြစ်အောင်တက်မယ်ဖြစ်ကြောင်းတွေ ကျွန်တော်က ဦးတစ်မိနစ်ကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ထဲကတော့ အလုပ်ထဲကနေ ဘယ်လိုလုပ်ပြီး (၂)ရက်လောက် ထွက်လို့ရမလဲဆိုတာ စဉ်းစားလို့ကိုမရဘူး။ ပြီးတော့ ဒီမျောက်ထိန်းနည်းကို ဘယ်လိုလုပ်ပြီး ဒီလောက်တတ်သိ နားလည်နေရတာလဲလို့ မေးလိုက်တော့ အတော်အံ့အားသင့်စရာတွေ ကြားရတယ်။

ဦးတစ်မိနစ်က အားရပါးရကြီးပြုံးပြပြီး အခုလိုဖြေပါတယ်။

"ဘာဖြစ်လို့ ဒီလောက်သိထားလဲဆိုတော့ တစ်ခါတုန်းက တို့လည်း မင်းလိုပဲ ပြဿနာတွေ ကြုံခဲ့ရတာကို၊ မင်းထက်တောင် ပြဿနာတွေ ပိုများဦး၊ ပိုဆိုးဦးမယ်။



mgyoe.com

mgyoe.com

မင်းလိုပဲ တို့ဘဝမှာလည်း ပြဿနာတွေဖြစ်၊ သောကတွေ ကြုံခဲ့ရတယ်။ တစ်ရက်မှာ တို့စားပွဲပေါ်ကို အချိန်စီမံခန့်ခွဲနည်းသင်တန်း လက်ကမ်းကြော်ငြာလေးရောက်လာတယ်။ ရေနစ်တဲ့သူတစ်ယောက်ဟာ တွေ့မိတွေ့ရာ ကောက်ရိုးပင် တစ်ပင်တောင်မချန်ဘဲ လိုက်ဆွဲသလိုတို့လည်း သင်တန်းတက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကံကောင်းလို့ သင်တန်းတက်မိတာပဲ။ သင်တန်းကနေ မျောက်ထိန်းနည်း (ပြဿနာများစီမံခန့်ခွဲနည်း)ကို ကောင်းကောင်းကြီး တတ်လာခဲ့တာပေါ့။

ကျွန်တော် သိပ်မယုံချင်ပါ။ ဒီလောက်တော်တဲ့ မန်နေဂျာကြီးတစ်ယောက်ဟာ အခုလိုပြဿနာတွေ ရှိခဲ့မယ် မထင်ပါဘူး။ သူ့အဖြေကို မကျေနပ်သေးတော့ ကျွန်တော်က ထပ်မေးတယ်။ သူကလည်း စိတ်ပါလက်ပါကို ဖြေပါတယ်။

"အဲဒီ သင်တန်းပေးတာက ဘီလ်အွန်ကင်လေ။ ပြဿနာတွေအတွက် မျက်လုံးပွင့်သွားအောင် သူပြောခဲ့တဲ့ ဇာတ်လမ်းတွေကို တို့ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ သူပြောပြတဲ့ဇာတ်လမ်းက တို့ ကြုံတွေ့နေရတဲ့ အခြေအနေနဲ့ တစ်ထပ်တည်းကိုကျနေတာ"

"အွန်ကင်က သူလည်း မင်းနဲ့တို့လိုပဲ ပြဿနာတွေ ကြုံခဲ့သတဲ့။ အလုပ်ကို အချိန်အများကြီးပေးပြီး လုပ်ပေမဲ့ လုပ်လို့ကို မဆုံးနိုင်ဘူး။ စနေနေ့ မနက်စောစောထပြီး ရုံးတက်တယ်။ မကျေမနပ် ဖြစ်နေတဲ့ ဇနီးနဲ့ကလေးတွေကို


mgyoe.com

mgyoe.com


သူတို့အတွက် သူ အနစ်နာအပင်ပန်းခံပြီး အလုပ်သွားလုပ်တဲ့အကြောင်း ရှင်းပြတယ်။ သူက သူ့မိသားစုကို ပြောတဲ့စကားတွေဟာ တို့က တို့မိသားစုကို ပြောတဲ့စကားတွေနဲ့ အတူတူပဲ။

"စနေနံနက်ခင်း သူ့ရုံးခန်း ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ လမ်းတစ်ဖက်က ဂေါက်ကွင်းမှာ သူ့ဝန်ထမ်းတွေ ဂေါက်သီးရိုက်မလို့ ပြင်ဆင်နေကြတာကို သူတွေ့တယ်။ ငါဖြင့် ဂေါက်သီးမရိုက်ရဘဲ အလုပ်လုပ်နေရတယ်။ သူတို့က ဂေါက်သီးရိုက်မလို့လား။ အခုချက်ချင်းသာ ငါ ယင်ကောင်ဖြစ်သွားပြီး ဒီကောင်တွေခေါင်းကို ကိုက်ပစ်လိုက်ချင်တယ်။ သူတို့အချင်းချင်းပြောမယ့်အသံကို ကြားယောင်မိသေးတယ်။ အခြေအနေကတော့ ကောင်းနေပြီကွ။ ကြည့်စမ်း... ဘယ်သူ့ကားရပ်ထားတာ တွေ့သလဲ၊ တို့ဆရာတော့ ပိုက်ဆံကျုံးရှာနေပြီနဲ့တူတယ်"

ဦးတစ်မိနစ်ကဆက်ပြောတယ်။ "ပြီးတော့ အွန်ကင်က သူ့စားပွဲပေါ်ကို သူ ပြန်ပြီးငုံ့ကြည့်တယ်။ စားပွဲပေါ်မှာက စာရွက်တွေ တစ်ပုံတစ်ခေါင်းကြီး။ သူလုပ်တော့မယ့် အလုပ်တွေဟာ သူ့အလုပ် မဟုတ်ဘူး။ သူများအလုပ်တွေဆိုတာ ချက်ချင်းပဲ သူသဘောပေါက်သွားတယ်။ သူများအလုပ်တွေကို သူ လိုက်လုပ်နေရတာနဲ့ သူ့အလုပ်ကို သူ မလုပ်ရဘူး။ အဲဒီကျမှ ခေါင်းထဲမှာ လျှပ်စီးလက်သလို ဖြစ်သွားတယ်။ ကြည့်စမ်း ... သူတို့က ငါ့အတွက်အလုပ်လုပ်ပေးတာ မဟုတ်ဘဲ ငါက သူတို့အတွက် အလုပ်လုပ်ပေး


mgyoe.com

နေပါလား၊ သူတို့ လေးယောက်က ပြဿနာတွေရှာပြီး ငါ့ဆီပို့ပေးတာကို ငါ တစ်ယောက်ထဲက ဒိုင်ခံရှင်းနေရပါလား၊ ဒီတော့ ငါ ဘယ်လိုလုပ်မှ ပြီးစရာအကြောင်း မရှိဘူး။ ငါ မြန်မြန်ပြီးလေ ငါ့ဆီကို ပြဿနာတွေမြန်မြန် ပို့လေ ဖြစ်နေပါလား"

ဦးတစ်မိနစ်က အခုလိုပြောရတာ ခံတွင်းတွေ့နေပုံရတယ်။ ဆက်ပြောပြန်တယ်။ အွန်ကင်က ဆက်ပြောတယ်။ ကိုယ်နဲ့မဆိုင်တာတွေနောက် လျှောက်လိုက်နေမှန်း ရုတ်တရက် သဘောပေါက်လိုက်တယ်။ အဲသလို သဘောပေါက်လိုက်တာနဲ့ ရုံးခန်းထဲက ချက်ချင်း ထပြေးတယ်။ ရုံးစောင့်ကနေ အံ့အားတသင့်နဲ့ ဘယ်များသွားမှာမို့ ဒီလောက်ရေးကြီးသုတ်ပျာ ဖြစ်နေရတာလဲလို့ မေးတယ်။ အွန်ကင်က ဘယ်နေရာရောက်ရောက် အရေးမကြီးဘူး။ ဒီနေရာက မြန်မြန်ခွာရဖို့ပဲ အရေးကြီးတယ်လို့ ပြန်အော်ပစ်ခဲ့တယ်။

"ရုံးခန်းကနေ မစွတာအွန်ကင်ဟာ လှေကားထစ်တွေကျော်ပြီးဆင်း၊ ကားပေါ်ကိုခုန်တက်၊ အပြေးမောင်းတော့တာပဲ။ နာရီဝက်အတွင်း အိမ်ပြန်ရောက်။ နှစ်ရက်စာ အရှုပ်ပုံတွေကြားထဲမှာ ခေါင်းခဲနေရမယ့်အစား မိသားစုနဲ့ ပျော်ပျော်ပါးပါးကြီး နေပစ်လိုက်တယ်။ သူ့တစ်သက်မှာ ဒီလိုတစ်ခါမှ မနေဖူးဘူး။ စနေနေ့ညကျ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေလိုက်တာများ မိန်းမကတောင် အိပ်တာမှ ဟုတ်ရဲ့လား၊ သေများသေနေသလားဆိုပြီး နှစ်ခါထစမ်း


mgyoe.com

mgyoe.com

ကြည့်မိသတဲ့။

"ဟုတ်တယ်။ ဘီလ်အွန်ကင် တွေ့ခဲ့တာလည်း တို့တစ်တွေတွေ့တဲ့ အဖြစ်မျိုးပဲ။ သူများမျောက်တွေ ကိုယ့်အိမ်ပေါ်တင်မွေးထားတာနဲ့ တူတယ်။ ဒါပေမဲ့ ဘုရားမလို့ ဒီကိစ္စကို ဘယ်လိုလုပ်ရမယ်ဆိုတာ သူက ရှင်းပြသွားတယ်။ အဲဒီကတည်းက တို့ဘဝလည်း နောက်ကြောင်းပြန်မလှည့်တဲ့ ပြောင်းလဲနည်းမျိုးစုံကို ပြောင်းလဲလာခဲ့တယ်။ မင်းဘဝလည်း ဒီလိုပဲ၊ အကြီးအကျယ် ပြောင်းလဲမှာပါ"

ခင်ဗျားတက်ခဲ့တဲ့ သင်တန်းနာမည်ကို ကျွန်တော်သိပါတယ်လို့ပြောတော့ ဦးတစ်မိနစ်က ပြုံးပြီးခေါင်းညိတ်တယ်။

*

mgyoe.com

mgyoe.com

# ပြဿနာရဲ့အတိမ်အနက်

သူနဲ့ ဆုံပြီးတဲ့နောက် ကြားကြားသမျှ အံ့သြကုန်နိုင်ဖွယ် ဖြစ်ပြီး ကျွန်တော် ရုံးခန်းကိုပြန်လာခဲ့တယ်။ ကျွန်တော့် ရုံးခန်းထဲရောက်တော့ မျောက်တွေကို နေရာတကာမှာတွေ့ တယ်။ အခုတော့သိပြီလေ။ ကျွန်တော်ဟာ စာအိတ်တွေ ရဲ့ နောက်ကျောမှာ မှတ်စုလေးတွေ ခြစ်ခြစ်ထားလေ့ရှိ တယ်။ ကျွန်တော့်လိုလူတွေအတွက် မှတ်စုရေးစရာတောင် ကြံမိသေးတယ်။ အခုတော့ မျောက်တွေမှန်း သဘောပေါက် သွားပြီ။ တယ်လီဖုန်းစကားပြောတာတွေကို တေးမှတ်ထား တဲ့ မှတ်တမ်းတွေကလည်း မျောက်တွေပဲ။ တယ်လီဖုန်း လိုင်းကနေ ဆင်းလာလေသလား။ ကျွန်တော့်လက်ဆွဲအိတ် ကလည်း မျောက်ရုံကြီးကိုဖြစ်လို့။ စားပွဲပေါ်က မှတ်စု စာအုပ်ဟာ တခြားသူတွေရဲ့ ပခုံးပေါ်က မျောက်တွေကို လှမ်းလှမ်းဆွဲတဲ့ ချိတ်ကြီးပေါ့။

စိတ်ကားခါခါ

mgyoe.com

mgyoe.com


အဲဒီနေ့က ကျွန်တော့်ရုံးခန်းကို လှည့်ပတ်ကြည့်ရင်း မျက်စိက ကျွန်တော့်ဇနီးနဲ့ ကလေးတွေရဲ့ဓာတ်ပုံပေါ်ရောက်သွားတယ်။ မြတ်စွာဘုရား... မိသားစုပုံထဲမှာ ကျွန်တော် မပါပါလား။ မြန်မြန် ပြန်ပြင်ဦးမှ။ ဒီတစ်ခါ ကျွန်တော်ပါ စုပေါင်းပြီး ဓာတ်ပုံရိုက်ဖို့ သန္နိဋ္ဌာန်ချလိုက်တယ်။

မိသားစုဓာတ်ပုံကိုကြည့်ရင်း ကျွန်တော်နဲ့ ကျွန်တော့်ဇနီးတို့လည်း ကျွန်တော်တို့ရဲ့ကလေးတွေဆီက မျောက်တွေ၊ ကောက်ပွေ့မိမှန်း သတိရလာတယ်။ တစ်လောကပဲ ကျွန်တော့်သားငယ်က အိမ်ပြန်ရောက်တော့ "အဖေနဲ့အမေ ကျွန်တော် တင်းနစ်အသင်းဝင်ခဲ့တယ်"တဲ့။

ကျွန်တော်တို့က "ဒါမှ ငါ့သားကွ၊ မင်းအတွက် အဖေတို့ အမေတို့ ဂုဏ်ယူပါတယ်"လို့ ပြောကာရှိသေးတယ်။ သူက "ဒါပေမဲ့ ပြဿနာတစ်ခုရှိတယ်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာညနေတိုင်း ကျောင်းမှာသွားပြီး လေ့ကျင့်ရမယ်။ ဘယ်သူလိုက်ပို့မှာလဲ၊ လေ့ကျင့်ပြီးရင်ကော ဘယ်သူလာကြိုမှာလဲ"တဲ့။ သူ့မျောက် ဘယ်သူ့ဆီရောက်သွားတယ်ထင်သလဲ။ ကျွန်တော်တို့ လင်မယားဆီပဲပေါ့။ ကျွန်တော်တို့ ဂုဏ်ယူစရာပျော်ပွဲရွှင်ပွဲကြီးတစ်ခုလို့ ထင်ထားတာက မျောက်ပေးပွဲကြီး ဖြစ်နေပါရောလား။

ပိုဆိုးတာက မျောက်တွေပွားတဲ့နှုန်းက ကြောက်ခမန်းလိလိပဲ။ ကျွန်တော့်ဇနီးက သားဖြစ်တဲ့သူကို ပြောတယ်။ တနင်္လာနေ့နဲ့ တချို့သော သောကြာနေ့တွေအတွက် သူ


mgyoe.com

mgyoe.com

တာဝန်ယူတယ်။ ဗုဒ္ဓဟူးနေ့တော့ မအားဘူး။ ဘယ်သူ တွေနဲ့ပေါင်းပြီးစီးလို့ရမလဲ။ ကားစုငှားပေးမယ်တဲ့။ သားက သူ့အသင်းမှာ ဘယ်သူဘယ်သူတွေ ပါတယ်လို့ပြောတော့ ဟုတ်ပြီ၊ ကားငှားပေးမယ်၊ ကားရရင်ပြောမယ်လည်းဆို ရော သားက ကျေးဇူးပဲ မေမေရယ်ဆိုပြီး လောကကြီးထဲမှာ ဘာကိုမှ ဂရုစိုက်စရာမလိုတဲ့ပုံစံနဲ့ ရုပ်မြင်သံကြား သွား ကြည့်ပါရောလား။

*

mgyoe.com

mgyoe.com

# ချစ်တာလား၊ နှစ်တာလား

ကျွန်တော့်သား ကားမမောင်းနိုင်ဘူးဆိုတာမှန်တယ်။ ဒါပေမဲ့ တခြား ဘယ်လိုနည်းနဲ့ လုပ်ရင်ရမယ်ဆိုတာ သူ့အား သူကိုးပြီး စီစဉ်ကြည့်ရမှာပေါ့။ ဒီလိုနဲ့ သူ့ဘာသာသူ တာဝန်ယူတတ်တဲ့ အလေ့အကျင့်လေး ရစေရမှာပေါ့။ ကျွန်တော်တို့ ဘာဝင်လုပ်ပေးစရာရှိသလဲ။ အဲဒီအကြောင်းကို ပြန်စဉ်းစားကြည့်လိုက်တော့မှ ကျွန်တော်တို့တစ်တွေဟာ သူများရဲ့ပြဿနာကို အမှတ်တမဲ့နဲ့ နေရာတကာ ကိုယ့်ပြဿနာ လုပ်ပစ်တတ်ကြမှန်း သဘောပေါက်သွားတယ်။ ကိုယ်လုပ်ရမယ့်အလုပ်၊ ကိုယ်ရှင်းရမယ့် ပြဿနာကျတော့ မေ့ထားတယ်။ တခြားလူတွေက ကိုယ့်လာအားကိုးအောင် တမင်လုပ်ထားသလို ဖြစ်နေတယ်။ ဒီလိုနဲ့ သူတို့ပြဿနာကို သူတို့ဘာသာသူတို့ ရှင်းတတ်တဲ့ အခွင့်အလမ်းကောင်းကို ကျွန်တော်တို့က တားဆီးပိတ်ပင်ထားသလို ဖြစ်သွားတယ်။



mgyoe.com

mgyoe.com


ပြန်တွေးကြည့်မိတော့မှ ဗိုလ်ချုပ်ဂျော့ချ်မာရှယ်လ် တစ်ခါကပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကို ကောင်းကောင်း သဘောပေါက်သွားတယ်။ "မင်းအတွက် လူတစ်ယောက် ယောက်လိုချင်ရင် သူက မင်းကို အားကိုးမနေရစေနဲ့။ မင်းက သူ့ကို အားကိုးနေရတယ်လို့ ထင်ပါစေ"တဲ့။ ဘင်ဂျမင်ဖရန်ကလင် ကလည်း "မိတ်ဆွေတစ်ယောက် ကို ရန်သူဖြစ်သွားအောင်လုပ်နိုင်တဲ့ အလွယ်ဆုံးနည်းက တော့ ငွေချေးတာပဲ"တဲ့။

ဦးတစ်မိနစ်နဲ့ နေ့လယ်စာစားရင်း ပြောခဲ့ဆိုခဲ့တာ တွေ ပြန်သုံးသပ်ကြည့်တော့ ကျွန်တော်ဟာ သူ့ဘာသာ သူလုပ်နိုင်တဲ့ ကိစ္စတွေကို ဝင်ဝင်လုပ်ပေးနေတဲ့ ကယ်တင် ရှင်ကြီး ဖြစ်နေပါရောလား။ သူတို့ကိစ္စတွေ ဝင်ပါရင်းနဲ့ "မင်းတို့အသုံးမကျဘူး"လို့ ပြောရာရောက်နေပါရောလား။ ကျွန်တော့်လူတစ်ယောက်က ပြဿနာတစ်ခုကို လာတင် ပြတဲ့အခါတိုင်း၊ သူ့ပခုံးပေါ်ကမျောက်ကို ကျွန်တော်ယူ လိုက်ရာ ရောက်တယ်။ "မင်းဟာ ဒီပြဿနာကို ကိုင်တွယ် ဖြေရှင်းနိုင်စွမ်း မရှိဘူး။ ဒီတော့ ငါကိုယ်တိုင် ဝင်ရှင်းမှဖြစ် မယ်"လို့ နှုတ်ကနေမပြောပေမဲ့ ပြောလိုက်ရာရောက်သွား တယ်။

ဦးတစ်မိနစ်က အားပေးရှာပါတယ်။ ဒီလိုဖြစ်တာ မင်း တစ်ယောက်တည်း မဟုတ်ဘူး။ တစ်တိုင်းပြည်လုံး ဖြစ်နေတာတဲ့။ "အညတရ ကယ်တင်ရှင်များအသင်း" လို့ တောင် သူကဖွဲ့စည်းချင်သေးတယ်တဲ့။ အလုပ်မရှိ ကြောင်


mgyoe.com

mgyoe.com


ရေချိုးသလို အားအားရှိ သူများ ပြဿနာကို ကိုယ့်ပြဿနာ လိုက်လုပ်နေတဲ့ သူတွေနဲ့ဖွဲ့မယ်။ ချစ်ရာမရောက် နှစ်ရာ ရောက်အောင် လုပ်တဲ့သူတွေနဲ့ပဲ ဖွဲ့မယ်။ ကိုယ့်အားကိုယ် ကိုး၊ ကိုယ်ထူကိုယ်ထမဖြစ်ဘဲ သူများအားကိုးချင်စိတ် ပေါက်လာအောင် လုပ်ပေးနေတဲ့သူတွေပဲ ဝင်ရမယ်။ သူ့ အသင်းထဲကို တစ်ပြည်လုံး ပါဝင်ကြမှာတဲ့။

အခုလို "ကယ်တင်ရှင် လုပ်ချင်တဲ့စိတ်ဓာတ်"၊ "သူများအားကိုးတာကို ခံချင်တဲ့စိတ်ဓာတ်"အကြောင်းကို ဇာတ်လမ်းလေးတစ်ခု ဥပမာပေးပြီး ပြောပြပြန်တယ်။

"တို့ငယ်ငယ်တုန်းက ဘော့စ်ဘောကစားမယ်ဆို ရင် ပြဿနာသုံးခုရှိတယ်။ ပထမ ပြဿနာက ကစားစရာ ပစ္စည်း မရှိဘူး။ အဲဒီခေတ်တုန်းက ကစားစရာဘက်တံ တစ်ချောင်းရှိရင် ကစားလို့ရတယ်။ ဒါပေမဲ့ ဘက်တံက ဒီခေတ်လို မပေါဘူး။ ကိုယ့်ဘက်တံကျိုးသွားရင်လည်း အိမ်ပြန်ပြေးပြီး အသစ်တစ်ချောင်းဝယ်ပေးဖို့၊ မိဘကို ပူဆာလို့ရတာမျိုး မဟုတ်ဘူး။ ကျိုးသွားတဲ့နေရာကို သံ ပြန်ရိုက်၊ တိပ်နဲ့ပတ်ပြီး ပြန်သုံးရတာပဲ။ ဘက်တံအကျိုး တစ်ချောင်းကိုင်ပြီး ရိုက်ရတာ ဝမ်းသာလွန်းလို့ လက်တွေ တုန်နေတာ အခုအထိ မှတ်မိနေသေးတယ်။

ပြီးတော့ ဘော့စ်ဘောဘော်လုံးဟာ အဖြူရောင် ဆိုတာ တော်တော်နဲ့မသိဘူး။ တို့ကစားရတဲ့ ဘောလုံးတွေ အားလုံးက အမည်းရောင်တိပ်နဲ့ ပတ်ထားတာကို။ တစ်ခါ တလေများ ဘော်လုံးအပျော့လား၊ ဘောလုံး အမာလား


mgyoe.com